# ၁၉၅၄ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင် အောက်ပါခြွင်းချက်ကိုထည့်သွင်းရမည်။

> " ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမတ သည်၊အမျိုးသားကောင်စီ လူကြီးများ၏ ရာထူးသက်တမ်းကို ခြောက်လထက် မပိုသော ကာလအပိုင်းအခြားအတွက် တိုးမြှင့်နိုင်သည်။"

၃။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၄ ၏ ဘေးမှတ်ချက်တွင် " အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးအတွက် " ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၄။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ တွင် " အသိအမှတ်ပြုထားသည့် " ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၅။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၈ တွင်—

(က) " ဤအက်ဥပဒေ စတင်အာဏာမတည်မီ အခါက၊ " ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

(ခ) " အစိုးရကအသုံးပြု၍ ကြီးကြပ်စီမံအုပ်ချုပ်လျက် " ဆိုသည့် စကားရပ်အစား " အစိုးရကသော်၎င်း၊ ဒေသန္တရအာဏာပိုင် များကသော်၎င်း အသုံးပြု၍ကြီးကြပ်စီမံအုပ်ချုပ်သည့်၊ သို့တည်း မဟုတ် " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ဂ) " ပြည်သူ့ကောင်စီကသိမ်းယူ၍ စီမံအုပ်ချုပ်ရမည်။ " ဆိုသည့် စကားရပ်အစား " အမျိုးသားကောင်စီကသိမ်းယူ၍ စီမံအုပ် ချုပ်နိုင်သည်။ " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၃၊ အပိုဒ် (၂) တွင် " အမျိုးသားကောင်စီ အတွက်၊ " ဆိုသည့် စကားရပ်နောက်၌ " ဒေသန္တရ အာဏာပိုင်များထံမှဖြစ်စေ၊ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) တွင် " တည်ထောင်ခြင်း၊ " ဆိုသည့်စကားရပ်အစား " တည်ထောင်ခြင်းနှင့် ဖျက်သိမ်း ခြင်း၊ " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

ပ၊မ၊ပ၊စ၊—အမှတ် ၃၇၊ ပညာရေးဝန်ကြီးဌာန၊ ၁၇-၁၁-၅၄—၂,၀၀၀—၂။
အဘိုး—၁၀ ပြား]